ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့်
## " ဂုဏ်ပြုသဝဏ်လွှာ "

**၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့**

၂၀၁၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၀ ရက်နေ့၌ကျရောက်သည့် ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော (၆၇) ကြိမ်မြောက် ချင်းအမျိုးသားနေ့ အခါသမယ တွင် ချင်းပြည်သူများ ဘဝဖြစ်ပေါ် တိုးတက်မှုအတွက် ကြိုးပမ်းလုပ်ရှားနေကြသော ချင်းနိုင်ငံရေးခေါင်းဆောင်များ၊ ချင်းတော်လှန်ရေး ခေါင်းဆောင် ရဲဘော်အပေါင်းနှင့်တကွ ချင်းပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လိုအင်ဆန္ဒအားလုံး ပြည့်ဝပါစေကြောင်းဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၁၉၄၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၀ ရက်နေ့သည် ချင်းအမျိုးသားတို့ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေးနှင့် လွတ်လပ်မှု၊ တန်းတူညီမျှမှုတို့ ရရှိရေးအတွက် စဉ်ဆက်မပြတ် တိုက်ပွဲဝင် ရုန်းကန် လှုပ်ရှားရင်း ပေါ်ပေါက်လာသည့် နေ့ထူးနေ့မြတ် ဖြစ်ပေသည်။ တနည်းအားဖြင့် ခေတ်အဆက်ဆက် ကျင့်သုံးလာခဲ့သည့် အုပ်ချုပ်ရေးစနစ်ဟောင်းမှ ပြည်သူလူထုဆန္ဒနှင့်အညီ၊ ဒီမိုကရေစီနှင့် အမျိုးသား သွေးစည်းညီညွတ်ရေးကို အခြေခံအုတ်မြစ်ချနိုင်ခဲ့သည့် သမိုင်းဝင် နေ့သစ်ဟုလည်း ခေါ်ဆိုနိုင်သည်။

ချင်းနိုင်ငံရေးခေါင်းဆောင်များ၊ ချင်းတော်လှန်ရေးခေါင်းဆောင် ရဲဘော်အပေါင်းနှင့် ချင်းပြည်သူများ သည် ဘဝတူ ညီနောင်တိုင်းရင်းသားလူမျိုးများနည်းတူ လူမျိုးရေးနှင့်နိုင်ငံရေးအရ ဒီမိုကရေစီရရှိရေး၊ တန်းတူညီမျှမှုရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ပြည့်စုံသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အခြေခံသည့် တူညီသော နိုင်ငံရေးလမ်းစဉ်ဖြင့် တိုင်းရင်းသား ပြည်သူများ ငြိမ်းချမ်းစွာ ထာဝစဉ် အတူယှဉ်တွဲနေထိုင်နိုင်မည့် စစ်မှန်သောဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ထွန်းရေးတို့ အတွက် ဘဝတူတိုင်းရင်းသား လူမျိုးများ နှင့်အတူတကွ စဉ်ဆက်မပြတ်တိုက်ပွဲဝင် ဆင်နွှဲလျက်ရှိသည်ကို ကျွန်ုပ်တို့ ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီမှ ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အတူ အလေးအနက် အသိအမှတ်ပြုပါသည်။

ထိုကြောင့် လူမျိုးစုံ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သွားရမည့် ပြည်ထောင်စုကြီးကို ခေတ်အဆက်ဆက် ဖျက်ဆီးနေသော စစ်အာဏာရှင်စနစ်နှင့် လူမျိုးကြီးမဟာဝါဒီများ - ချုပ်ငြိမ်းဖယ်ရှားနိုင်ရေးနှင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုတရပ်ထူထောင်နိုင်ရေး တို့အတွက် ကျွန်ုပ်တို့ ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အနေဖြင့် ချင်းပြည်သူများ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူအားလုံးနှင့်အတူ စုစည်းညီညွတ်စွာ ပူးပေါင်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်လျက် ယနေ့ကျရောက် သည့် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ဤ ဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**" စစ်မှန်သောဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု မုချ တည်ဆောက်နိုင်ရမည် "**

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)